
ငါ့မှာ
သတိုးစနစ်ရှိတယ်
(ရှန်းယို့)
(စာစဉ်–၄၆)
Translator - Sunlight Team

အခန်း။ ၄၅၆

*

စိတ်ပိုင်းဆိုင်ရာ နယ်ပယ်ကို အဆင့်မြှင့်တင်ပြီးနောက် ရှန်းယွီသည် ယခု အခါ စိတ်ပိုင်းဆိုင်ရာ အပိုင်းအခြားပေါင်း တစ်သန်းကျော်ကို ဖန်တီးနိုင်စွမ်း ရှိလာပြီဖြစ်သည်။ သူသည် လက်ကို ဝှေ့ယမ်းလိုက်ပြီး ကောင်းကင်ဘုံ ခြောက်ခုမြောက်နယ်မြေအတွင်းသို့ နောက်ထပ် ကိုယ်ပွားနှစ်ရာကို ထပ်မံ ဆင့်ခေါ်လိုက်သည်။

လောလောဆယ်တွင် သူသည် ပိုမိုသန်မာလာသည်ဟု ထင်ရသော်လည်း အမှန်တစင်စစ်တွင်မူ သူ၏ တိုးတက်မှုမှာ ကန့်သတ်ချက်တစ်ခုသို့ ရောက်ရှိနေပြီဖြစ်သည်။ သူသည် ပညာရှိနယ်ပယ်သို့ မဝင်ရောက်နိုင်သေးသော်လည်း သူ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာမူ တာအိုနယ်ပယ်ဆီသို့ အရှိန်အဟုန်ဖြင့် ချဉ်းကပ်နေကြပြီ ဖြစ်သည်။ ဤသည်မှာ သူ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် အမြင့်ဆုံး ကန့်သတ်ချက် ဖြစ်နိုင်ပြီး အရင်းအမြစ်နယ်ပယ်သို့ ရောက်ရှိနိုင်မည့် အလားအလာမှာမူ ဝေးကွာနေဆဲပင်။ တစ်နည်းအားဖြင့် ဆိုရသော် သူ၏ တိုးတက်မှုလမ်းကြောင်းတွင် ကျော်ဖြတ်ရန် ခက်ခဲလှသော အတားအဆီး တစ်ခုနှင့် ရင်ဆိုင်ရတော့မည်ပင်။ ရှန်းယွီသည် ဤအချက်ကို တွေးတောရင်း သက်ပြင်းချကာ ခေါင်းခါလိုက်မိသော်လည်း ထိုကိစ္စကို နောက်မှသာ အဖြေရှာရန် ဆုံးဖြတ်လိုက်သည်။

ထို့နောက် သူသည် ပြန်လည်စတင်ခြင်း မျက်နှာပြင်ဆီသို့ အာရုံပြန်ပို့

လိုက်သည်။ အချက်အလက် အများစုမှာ ထူးထူးခြားခြား ပြောင်းလဲခြင်း မရှိသဖြင့် စိတ်ဝင်စားစရာ မကောင်းလှပေ။ သူ၏ ဝိညာဉ်မီးတောက်ကို ကြည့်လိုက်ရာ ၎င်းမှာ နောက်တစ်ဆင့်သို့ တက်လှမ်းသွားပြန်ပြီး ပညာရှိနယ်ပယ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ၎င်းက သူ၏ လုပ်ဆောင်နိုင်စွမ်းကို ပိုမိုမြှင့်တင်ပေးသော်လည်း နေ့စဉ် နှစ်ပေါင်းထောင်ချီ၍ အချိန်ရနေသော သူ့အတွက် ဤအဆင့်မြှင့်တင်မှုမှာ အမှန်တကယ် အသုံးဝင်ပါ့မလား သူ မသေချာပေ။ သို့သော်လည်း စွမ်းရည်များ ထပ်ဆင့်ပေါင်းစည်းသွားခြင်း ဖြစ်သဖြင့် ဆိုးကျိုးတော့ မရှိနိုင်ပေ။

အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင်မူ အမှန်တရားရှာဖွေသူမှာ တစ်နေ့တာအတွင်း တာအိုနယ်ပယ်သို့ ချိုးဖျက်ရောက်ရှိသွားခဲ့ပြီး ပြန်လည်စတင်ပြီးနောက် သိမြင်မှုအားလုံးကို သူ အပြည့်အဝ ရရှိခဲ့သည်။ တာအိုနယ်ပယ်သို့ ရောက်ရှိသွားသဖြင့် သူ၏ ယခင်စွမ်းရည်များဖြစ်သော သင်ကြားခြင်းကဲ့သို့သော အရာများမှာ သိသိသာသာ တိုးတက်လာခဲ့သည်။ ဉာဏ်အလင်းပွင့်ခြင်း စွမ်းရည်အတွက်မူ အနည်းငယ်မျှသော ပြုပြင်မွမ်းမံမှုများမှလွဲ၍ ထူးထူးခြားခြား ပြောင်းလဲမှု မရှိပေ။ သို့သော် ဤတာအိုအဆင့် အမှန်တရားရှာဖွေသူ စွမ်းရည်ဖြင့် သူသည် နတ်ဘုရားများကို အလွယ်တကူ ဖန်တီးနိုင်တော့မည်ပင်။ ၎င်းကို နောင်မှ သူ လက်တွေ့စမ်းသပ်ကြည့်မည်ပင်။

နောက်ထပ် တာအိုနယ်ပယ်သို့ ရောက်ရှိသွားသော လုပ်ငန်းမှာ စားဖိုမှူးဖြစ်သည်။ ၎င်းမှာ ပညာရှိနယ်ပယ်၏ အတွေ့အကြုံ တစ်ဝက်ခန့်ကို ရရှိခဲ့ပြီးနောက် နှစ်ဆတိုးပြီးချိန်တွင် တာအိုနယ်ပယ်သို့ ရောက်ရှိသွားခြင်းပင်။ တာအိုအဆင့် အစားအစာများနှင့် ပတ်သက်သော အသိပညာများစွာ ရရှိခဲ့သော်လည်း တာအို ချီစွမ်းအင် မရှိသေးသဖြင့် ၎င်းတို့ကို လက်တွေ့မ

ချက်ပြုတ်နိုင်သေးသည်မှာ နှမြောစရာပင်။ ပညာရှိနယ်ပယ်သို့ မည်သို့ဝင်ရောက်ရမည်ကို မသိသေးသရွေ့ ထိုစွမ်းအင်ကို သူ မကြာမီ ရရှိနိုင်ဦးမည် မဟုတ်ပေ။

ထိုအကြောင်းကို တွေးနေစဉ် တစ်ခုကို သူ ရုတ်တရက် သတိရသွားသည်။

"ဩော်... ဟုတ်သားပဲ မီးတောက် ရှိတာပဲ"

အနက်ရှိုင်းဆုံး ဟင်းလင်းပြင် မီးတောက်ကို ချီစွမ်းအင်အစား အစားထိုးအသုံးပြုနိုင်သည်။ ၎င်းမှာ ယခုအခါ ပညာရှိနယ်ပယ်သို့ ရောက်ရှိနေပြီဖြစ်သည်။ သူ၏ ဝိညာဉ်ပင်လယ်အတွင်းရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမျိုးမျိုးအတွက် အသုံးပြုနေရသဖြင့် ၎င်းမှာ လောလောဆယ် သူအသုံးအများဆုံး ကိရိယာ ဖြစ်နေသည်။ နေ့ကုန်ဆုံးချိန်တွင် ၎င်းသည် တာအိုနယ်ပယ်သို့ ဝင်ရောက်ရန် အနည်းဆုံး တစ်ဝက်အဆင့်သို့ ရောက်ရှိနေလိမ့်မည်ဟု သူ ခံစားရသည်။ ထိုသို့ ဖြစ်လာပါက သူသည် တာအို ချီမလိုအပ်ဘဲ ထိုမီးတောက်ကို အသုံးပြု၍ ချက်ပြုတ်နိုင်မည်ပင်။

အခြားသော လုပ်ငန်းများကို ကြည့်ရှုစဉ် သူ၏ အဆောင်ပုံဆောင်ခဲနှင့် အစီရင်တို့မှာလည်း ပညာရှိနယ်ပယ်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း တွေ့ရသဖြင့် သူ အံ့အားသင့်သွားသည်။ ဆိုလိုသည်မှာ သူသည် ပညာရှိအဆင့် အစီရင်များကို ဖန်တီးနိုင်ပြီဖြစ်သည်။ တစ်ခုတည်းသော အခက်အလဲမှာ ၎င်းတို့ကို စွမ်းအင်ပေးရန် ဖြစ်သည်။ သူ၏ စွမ်းအင်မှာ နည်းပါးလွန်းနေသေးသည်။ လောလောဆယ်တွင် သူ၏ ခန္ဓာကိုယ်အတွင်းရှိ စွမ်းအင်အားလုံးကို အသုံးပြုလျှင်ပင် ပထမတာအို ပညာရှိတစ်ဦးနှင့် ညီမျှသော အစီရင်တစ်ခုကိုသာ စွမ်းအင်ပေးနိုင်ရုံမျှ ရှိလိမ့်မည်။ သူ သက်ပြင်းချလိုက်မိသည်။ အရာအားလုံးမှာ ထင်သလောက် မလွယ်ကူလှပေ။

…

သူသည် သူ၏ အာရုံကို ဝိညာဉ်ကြောများဆီသို့ ပြောင်းလဲအာရုံစိုက်လိုက်သည်။ ကောင်းကင်ဘုံခြောက်ခုမြောက်နယ်မြေအတွင်း သူဖန်တီးခဲ့သော အရင်းအမြစ်များကို အသုံးပြု၍ သူ၏ အသုံးအဆောင်ပစ္စည်းများကို ဘုရားသခင်အဆင့်သို့ မြှင့်တင်ပြီးဖြစ်သည်။ ဝိညာဉ်ကြောများကိုလည်း ဘုရားသခင်အဆင့် ရတနာများ ကျွေးမွေးကာ ထိုအဆင့်သို့ပင် ရောက်ရှိအောင် မြှင့်တင်ထားပြီး ဖြစ်သည်။

သို့သော်ငြားလည်း သူ မည်မျှပင် ကြိုးစားအားထုတ်စေကာမူ ၎င်းတို့မှာ ပညာရှိနယ်ပယ်သို့ ချိုးဖျက်ဝင်ရောက်နိုင်ခြင်း မရှိသေးပေ။ နယ်ပယ်အချင်းချင်း ကွာဟချက်မှာ ကြီးမားလွန်းလှသဖြင့် ဘုရားသခင်အဆင့် ရတနာများကို မည်မျှပင် ကျွေးမွေးပါစေ ထိုကွာဟချက်ကို ဖြည့်ဆည်းရန် မဖြစ်နိုင်သကဲ့သို့ ရှိနေသည်။ သို့သော် ဤသည်မှာ ယခင်က အခြေအနေသာ ဖြစ်သည်။ ယခုမူ သူ၌ ပညာရှိအဆင့် ပန်းပဲပညာ ရှိနေပြီဖြစ်ရာ ပညာရှိအဆင့် အသုံးအဆောင်များ ဖန်တီးပြီး ဝိညာဉ်ကြောများကို အဆင့်မြှင့်တင်ရန်မှာ အချိန်သိပ်မကြာတော့ပေ။

ကုန်ကြမ်းပစ္စည်းများမှာ အခက်အခဲရှိနိုင်သော်လည်း သူ့အတွက်မူ သိပ်မခက်ခဲပေ။ သူ၏ ပညာရှိ ချီစွမ်းအင်နှင့် ပြည့်စုံသော ဖန်တီးခြင်းနိယာမကို အသုံးပြုကာ ဘုရားသခင်အဆင့် ကုန်ကြမ်းများကို ပညာရှိအဆင့်သို့ အတင်းအကျပ် မြှင့်တင်နိုင်သည်။ ထိုအခါ ပညာရှိအဆင့်နှင့် ပတ်သက်သော ပြဿနာမှာ ပြေလည်သွားပေလိမ့်မည်။ ရှန်းယွီအနေဖြင့် နောက်ဆုံးတွင် အနည်းငယ် စိတ်အေးသွားနိုင်ပြီဟု ခံစားလိုက်ရသည်။ သူကိုယ်တိုင် ပညာရှိနယ်ပယ်သို့ မရောက်ရှိသေးလျှင်ပင် ပညာရှိအဆင့် အစီရင်ကို အသုံးပြု၍ သူ့ကိုယ်သူနှင့် ဤကမ္ဘာကို အနည်းဆုံး ကာကွယ်ထားနိုင်ပေ

လိမ့်မည်။ ထို့နောက် သူသည် လက်ကို ဝေ့ယမ်းကာ စနစ်မျက်နှာပြင်ကို ပိတ်လိုက်သည်။

ထိုအချိန်တွင် ဧကရီသည် သူ၏ ဘေးနားတွင် ပေါ်လာခဲ့သည်။ သူမ၏ ခန္ဓာကိုယ်မှ ထွက်ပေါ်နေသော အရှိန်အဝါကို ရှန်းယွီ ခံစားလိုက်ရသဖြင့် သူမ အောင်မြင်သွားပုံရသည်ဟု သိလိုက်သည်။ သူမ၏ ဝိညာဉ်မှာ နောက်ဆုံးတွင် အပြည့်အဝ ပြန်လည်ကောင်းမွန်သွားခဲ့ပြီ ဖြစ်သည်။

"ဘယ်လို ခံစားရလဲ"

သူက မေးလိုက်သည်။

"အများကြီး ပိုကောင်းသွားပြီ"

သူမက ပြောလိုက်သည်။

"အဲ့ဒါ ကောင်းတာပေ့ါ..."

ရှန်းယွီက ပြောရင်း သူမသည် ဝိညာဉ်ပုံစံဖြင့် ရှိနေဆဲဖြစ်သည်ကို သတိပြုမိသွားသည်။

"ဘာလို့ ခန္ဓာကိုယ်ကို ပြန်မဖန်တီးသေးတာလဲ"

သူက ထပ်မံမေးမြန်းလိုက်သည်။

သူမသည် ခဏမျှ တုံ့ဆိုင်းနေပြီးမှ စကားပြောလိုက်သည်။

"လီယောင်းက ပညာရှိကို ဘယ်လိုမျိုး သိမ်းပိုက်လိုက်လဲဆိုတာ ကျွန်မတို့ မသိသေးဘူး။ ဖြစ်နိုင်တာက ဦးနှောက်နဲ့ တစ်ခုခု ပတ်သက်နေနိုင်တယ်"

သူမက ပြောလိုက်သည်။

"ကောင်းတဲ့ အကြံပဲ။ အရင်ဆုံး စောင့်ကြည့်တာက ပိုကောင်းမယ်"

ရှန်းယွီက တက်ကြွစွာ ပြောလိုက်သည်။ ဤနေရာတွင် နောက်ထပ် လီယောင်းတစ်ယောက် ထပ်မံပေါ်ပေါက်လာမှာကို သူ လုံးဝ အလိုမရှိပေ။ သူမသည် ဘုရားသခင်နယ်ပယ်မှာပဲ ရှိနေဦးမည်ဆိုလျှင်ပင် ဘာတွေဆက်ဖြစ်လာနိုင်မည်ကို မည်သူမျှ မခန့်မှန်းနိုင်ပေ။ အကယ်၍ သူတို့နှစ်ယောက်ပေါင်းစည်းသွားပြီး ပညာရှိနယ်ပယ်သို့ ချိုးဖျက်ဝင်ရောက်သွားလျှင်ပို၍ပင် ခက်ခဲသွားပေလိမ့်မည်။ ထိုအကြောင်းကို တွေးလိုက်မိစဉ် သူ၏မျက်နှာမှာ ရုတ်တရက် ဖြူဖျော့သွားခဲ့သည်။

"ဩော်... ရှင် အခုမှ သတိရတာကိုး"

ဧကရီက ပြောလိုက်သည်။

"အင်..."

ရှန်းယွီသည် သူ၏ မိန်းမကို လေ့ကျင့်ရေးအခန်းထဲတွင် ထည့်ထားခဲ့သည်ကို မေ့လျော့သွားခြင်းပင်။

ယခုဆိုလျှင် နှစ်ရက်မျှ ရှိသွားပြီဖြစ်သည်။

"သူ အဆင်ပြေမှာပါနော်..."

ထိုသို့တွေးကာ သူ၏ ခန္ဓာကိုယ်အတွင်းသို့ အာရုံစိုက်ပြီး သူမ၏ ဖြစ်တည်မှုကို ရှာဖွေလိုက်သည်။ ထို့နောက် သူမကို ပြန်ထုတ်လိုက်ရာ သူမသည် သူ့ရှေ့တွင် ကျဆင်းလာခဲ့သည်။ ပြင်းထန်သော ဖိအားများကြောင့် သူမ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ နီရဲနေပြီး ယခုမှသာ ပုံမှန်အရောင်သို့ ဖြည်းဖြည်းချင်း ပြန်လည်ပြောင်းလဲလာနေသည်။ သူမသည် အသက်ကို ပြင်းပြင်းရှူနေရသည်။

"ယောကျာ်း..."

သူမက တိုးညှင်းသော အသံလေးဖြင့် ခေါ်လိုက်ရာ သူမ၏ အသက်ရှူသံ

မှာလည်း တဖြည်းဖြည်း ပုံမှန်ပြန်ဖြစ်လာသည်။

"အင်း... ဘာဖြစ်လို့လဲ"

သူသည် သူမ၏ မျက်လုံးများကို တည့်တည့်မကြည့်ရဲဘဲ မေးလိုက်သည်။ သူသည် ကိုယ်ပွားများစွာထံသို့ သူ၏ အသိစိတ်များကို ခွဲဝေပို့ထားရပြီး ကွဲပြားသော အချိန်အရှိန်မြင့်မှုများကို ခံစားနေရသဖြင့် အချိန်အသိမှာ ပျောက်ဆုံးနေခဲ့ခြင်းပင်။ သူမ သူ့ကို စိတ်ဆိုးနေမည်လားဟု သူ စိုးရိမ်နေမိသည်။

"ယောကျာ်း... ဖိအားတွေက အရမ်းပြင်းထန်ပေမဲ့ ကျွန်မရဲ့ ခန္ဓာကိုယ် တိုးတက်လာတာကို ခံစားရလို့ တကယ်ပဲ အဆင်ပြေပါတယ်"

***